သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (REDD +) အစီအစဉ်တွင်

# ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများ

## SBSTA ဆိုင်ရာ ဌာနေတိုင်းရင်းသားများ၏ ရှုထောင့်များနှင့် ထောက်ခံချက်များ

## NON - CARBON BENEFITS IN REDD+



REDD+ လုပ်ငန်းများ အကောင်ထည်ဖော်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများနှင့် ဆက်နွယ်သည့်
လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စရပ်များအပေါ် AIPP ၏ တင်သွင်းချက်
မတ်လ ၂၆ ရက်၊ ၂၀၀၉

AIPP

PoINT
Promotion Of Indigenous and Nature Together

IWGIA

ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံနှင့် စပ်လျှင်းသည့် ၄၁ ကြိမ်မြောက် ပါတီများညီလာခံ **(COP 19)** တွင် ရေရှည်တည်တံ့သော **REDD+** လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းများအတွက် ကာဗွန်နှင့် မသက်ဆိုင်သည့် အခြားအကျိုးကျေးဇူးများ **(NCB)** အပေါ် ဦးစားပေးခြင်း၏ အရေးပါမှုကို အသိမှတ်ပြုခဲ့ပါသည်။ [၁] ဤဆုံးဖြတ်ချက်သည် အရှတိုက်တွင် နေထိုင်လျှက်ရှိသော ဌာနေတိုင်းရင်းသားများအတွက် အထူးသဖြင့် ၎င်းတို့၏ သစ်တောများအပေါ် ၎င်းတို့၏ ဘုံစုပေါင်းအခြေခံအခွင့်အရေးများ အသိအမှတ်ပြုခြင်းနှင့် ထုတ်ဖော်ပိုင်ခွင့်အပေါ် ရေရှည်အကျိုးသက်ရောက်မှုများရှိသည်။

အာရှတိုက်သည် ကမ္ဘာပေါ်ရှိ ၃ ပုံ ၂ ပုံခန့်သော ဌာနေတိုင်းရင်းသားများနေထိုင်ရာ ဒေသကြီးတစ်ခုဖြစ်သည်။ အာရှတိုက်ရှိ **REDD+** ၁၂ နိုင်ငံဖြစ်သော အင်ဒိုနီးရှား၊ နီပေါ၊ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဘူတန်၊ သီရိလင်္ကာ၊ မြန်မာ၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် လူဦးရေသန်းပေါင်း ၁၅၀ ကျော်သော ဌာနေတိုင်းရင်းသားလူမျိုးများကို တွေ့ရှိရပါသည်။ ဤနိုင်ငံများသည် ၎င်းတို့၏ အမျိုးသား **REDD+** စီမံကိန်းများအတွက် သစ်တောကာဗွန်မိတ်ဖက်အဖွဲ့၊ ကမ္ဘာ့ဘဏ်၏သစ်တော ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နှင့် ကုလသမဂ္ဂ **REDD+** အစီအစဉ်တို့နှင့် ပူးပေါင်းအကူအညီရယူကာ **REDD+** လုပ်ငန်းများကို အကောင်ထည်ဖော်လျှက်ရှိပါသည်။ ဘူတန်နှင့် ဘင်္ဂလားဒေ့ရှ်မှအပ ဤနိုင်ငံများအားလုံးသည် ကမ္ဘာ့ကုသလမဂ္ဂ ဌာနေတိုင်းရင်းသားများအခွင့်အရေးဆိုင်ရာ ကြေငြာစာတန်း **(UNDRIP)**ကို သဘောတူလက်ခံခဲ့ပါသည်။ သို့သော်၊ အာရှတိုက်ရှိ နိုင်ငံအများစုတို့သည် ဌာနေလူမျိုးများနှင့် ၎င်းတို့၏ အစုအဖွဲ့ပိုင်အခွင့်အရေးများ အထူးသဖြင့် ၎င်းတို့၏ မြေယာ၊ နယ်မြေဒေသနှင့် သဘာဝသယံဇာတများကိုမူ အသိအမှတ်ပြုခြင်းမရှိချေ။



[1] **ဆုံးဖြတ်ချက် 9/ CP 19, အပိုဒ် 22**




### ဌာနတိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ နယ်မြေဒေသဆိုင်ရာ

စီမံအုပ်ချုပ်မှုနှင့် အသက်မွေးဝမ်းကျောင်းစနစ်များတွင် မရှိမဖြစ်တွန်းဒွဲနေသော ၎င်းတို့၏ လူမှုရေး၊ ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်မှု၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး အစရှိသည့် သစ်တောများအပေါ် ရှင်သန်ဆက်နွယ်မှုများကို အမြဲတစေထုတ်ဖော်ပြောဆိုခဲ့ကျပါသည်။ ၎င်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာ ဌာနေတိုင်းရင်းသားများ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖိုရမ် **(IIPFCC)** မှတစ်ဆင့်၊ ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ**(UNFCCC)** အစည်းအဝေးပွဲများတွင် ၎င်းတို့၏ ရပ်တည်ချက်များကို ထပ်လောင်းအတည်ပြု ပြောဆိုခဲ့ကျပါသည်။ ၎င်းတို့အနေဖြင့် ကာဗွန်ယိုစိမ့်မှုနှင့် သိုလှောင်မှုတို့ကို လျှော့ချမည့်အစား သစ်တောများ၏ မြောက်များစွာသော အကျိုးရလဒ်များကို အသိအမှတ်ပြုရန် အမြဲတစေ ရှေ့ရှုတင်ပြခဲ့ကျပါသည်။

ဌာနေတိုင်းရင်းသား လူမျိုးများ၏အမြင်တွင်၊ ကာဗွန်နှင့်မသက်ဆိုင်သည့် အခြားအကျိုးကျေးဇူးများဆိုသည်မှာ စားနပ်ရိက္ခာ ဖူလုံမှုနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ **(NTFP)** ကို ထောက်ပံ့ပေးသည့် ရွှေ့ပြောင်းတောင်ယာစနစ် အစရှိသည့် ဌာနေတိုင်းရင်းသားတို့အတွက် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ စားဝတ်နေရေးကိစ္စရပ်များ၊ စားနပ်ရိက္ခာ ထုတ်လုပ်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲ (မျိုးရင်းသစ်ပင်ပန်းမန်တိရိစ္ဆာန်) များ ကာကွယ်မြှင့်တင်နိုင်ရန်အတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဝိသေသလက္ခဏာ၊ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအသိပညာနှင့် အလေ့အထများ၊ ဆေးဝါးနှင့် တိရိစ္ဆာန်များ၏ ရင်းမြစ်များနှင့် ရေဝေရေလဲများနှင့် ရေထောက်ပံ့မှုများဆိုင်ရာ သဘာဝဂေဟစနစ်များ ပါဝင်ပါသည်။ မြင်ရသော အကျိုးရလဒ်များ၊ မမြင်နိုင်သော အကျိုးကျေးဇူးများအစရှိသည့် ဤအကျိုးရလဒ်များသည် ဆက်နွယ်မှုများရှိပြီး၊ လွှမ်းခြုံဖွဲ့စည်းဖြစ်တည်မှု၊ စီမံအုပ်ချုပ်မှု၊ ဝိသေသလက္ခဏာ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ဘဝဖူလုံမှုတို့အတွက် မရှိမဖြစ် ဒွန်တွဲလျှက်ရှိသောအချက်များဖြစ်သည်။



ကာဗွန်နှင့်မသက်ဆိုင်သည့်အကျိုးကျေးဇူးများသည် ကာဗွန်ထက်ပိုသောတန်ဖိုးများပါရှိပါသည်။ ယင်းအချက်တို့သည်ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဆက်လက်ရပ်တည်နေနိုင်ရေးနှင့် ၎င်းတို့၏လက်ရှိနှင့် အနာဂတ်မျိုးဆက်သစ်များ အပါအဝင် ၎င်းတို့လိုအပ်သော ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလွန်ပင်အရေးကြီးသော အချက်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ ဝိသေသလက္ခဏာများ၊ လူမှုဘဝများနှင့် ယဉ်ကျေးမှုအမွေအနှစ်တို့သည် ၎င်းတို့၏ ရိုးရာအစဉ်အဆက်ပိုင်ဆိုင်ခဲ့သော နယ်မြေဒေသများ၏ အစိတ်အပိုင်းဖြစ်သော သစ်တောများတွင် သမိုင်းအစဉ်အဆက် အမြစ်တွယ်ရပ်တည်နေခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများအပြင် ယေဘုယျအခင်းအကျင်းနှင့် **REDD+** အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့အား ချဉ်းကပ်မှုမျိုးတွင် လူ့အခွင့်အရေးမူဘောင်၏ အစိတ်အပိုင်းအနေဖြင့် ဌာနေတိုင်းရင်းသားများ၏ သစ်တော၊ မြေယာ၊ သဘာဝသယံဇာတများ နှင့်ဆက်ဆိုင်သည့် အစုအဖွဲ့ပိုင်အခွင့်အရေးအား အသိအမှတ်ပြုခြင်းသည် အမှန်တကယ်လိုအပ်ပြီး မဖြစ်မနေလုပ်ဆောင်ရမည့် အချက်ပင်ဖြစ်ပါသည်။ အလားတူ၊ ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများအပေါ် ဦးစားပေးထုတ်ဖော်လုပ်ဆောင်ရာတွင် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ သမိုင်းအစဉ်အလာကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး၊ အထူးသဖြင့် သစ်တောကာကွယ်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့တွင် ဌာနေတိုင်းရင်းသားအမျိုးသမီးများကို ၎င်းတို့၏ လိုအပ်ချက်များနှင့် လူနေမှုဘဝဖူလုံရေးရှုထောင့်မှ ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်သည်။



**ထောက်ခံချက်များ**

အာရှဌာနေလူမျိုးဆိုင်ရာ သဘောတူညီချက်အဖွဲ့ **(AIPP)**မှ ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများ ဆိုင်ရာ အောက်ဖော်ပြပါ ထောက်ခံချက်များကို **SBSTA** သို့တင်ပြခဲ့ပါသည်။

**၁။ ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများ၏ အတိုင်းအတာသည် အောက်ဖော်ပြပါ အချက်များကို ကန့်သတ်မှုမရှိစေတဲ ထည့်သွင်းပါဝင်အတည်ပြုပေးရန် ကျွန်ုပ်တို့မှ SBSTA သို့ တောင်းဆိုပါသည်။**

- ဌာနေတိုင်းရင်းသားတို့၏ စားနပ်ရိက္ခာဖူလုံမှုနှင့် သစ်မဟုတ်သောသစ်တော ထွက်ပစ္စည်းများကို ထောက်ပံ့ပေးသည့် ရွှေ့ပြောင်းတောင်ရာစနစ်နှင့် အခြားအချက်များ။
- ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်မှု၊ စားနပ်ရိက္ခာ ထုတ်လုပ်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲ (မျိုးရင်း သစ်ပင်ပန်းမန် တိရစ္ဆာန်) များ ကာကွယ်မြှင့်တင်နိုင်ရေး။
- ယုံကြည့်ကိုးကွယ်မှုဆိုင်ရာ ဝိသေသလက္ခဏာ၊ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအသိပညာနှင့် အလေ့အထများ။
- ဆေးဝါးပန်းမန်နှင့် တိရစ္ဆာန်များ၏ ရင်းမြစ်များ။
- ရေဝေရေလဲများနှင့် ရေထောက်ပံ့မှုများဆိုင်ရာ သဘာဝဂေဟာစနစ်များ ပါဝင်ပါသည်။

**၂။ တိကျသောစံနှုန်းများနှင့် မူဝါဒများကို အဖွဲ့အစည်းများနှင့် ၎င်းတို့၏ မိတ်ဖက် အဖွဲ့အစည်းများမှ ချမှတ် အကောင်အထည်ဖော်ရန် လိုအပ်မှုကို အသိအမှတ်ပြုရန် ကျွန်ုပ်တို့မှ SBSTA သို့ တိုက်တွန်းနိုးဆော်အပ်ပါသည်။ ဤအချက်များကို အထူးသဖြင့် ဌာနေတိုင်းရင်းသားလူမျိုးတို့၏ မြေယာများနှင့် ပိုင်နက် နယ်မြေဒေသတို့တွင် ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများကို လုံခြုံစေရန်နှင့် တိုးချဲ့လုပ်ဆောင်ရန် အခြေခံကျသော အခြေအနေများအဖြစ် သတ်မှတ်ရမည် ဖြစ်သည်။ ဤစံညွှန်းများနှင့် မူဝါဒများတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်ဖြစ်သည်။**

- ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေး အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ၎င်းတို့၏ မြေယာများ၊ ပိုင်နက်နယ်မြေများနှင့် သဘာဝသယံဇာတများအပေါ် ၎င်းတို့၏ အစုအဖွဲ့ပိုင် ဘုံအခွင့်အရေးအား တရားဝင် အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ပေးခြင်း။
- ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ရေရှည်တည်တံ့သော လူမှုဘဝများနှင့် သစ်တော စီမံအုပ်ချုပ်မှုစနစ်များကို အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ပေးခြင်း။
- ရေရှည်တည်တံ့သော သစ်တော သယံဇာတစီမံအုပ်ချုပ်တွင် ဌာနေတိုင်းရင်းသား အမျိုးသမီးများ၏ ကဏ္ဍများနှင့် ပါဝင်မှုများကို အသိအမှတ်ပြုပြီး၊ ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများနှင့် သဘာဝသယံဇာတများပါဝင်သော သစ်တောများနှင့် ဆက်နွယ်နေသည့် ဆုံးဖြတ်ချက်ပေးသည့် ကဏ္ဍများအားလုံးနှင့် လုပ်ငန်းများတို့တွင် ၎င်းတို့မှ ပြည့်ဝ ထိရောက်စွာပါဝင်နိုင်ရန်။
- ဌာနေတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာထုံးတမ်းဥပဒေများ၊ ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုစနစ်များနှင့် ဆုံးဖြတ်ချက်ပေးသည့် လုပ်ငန်းစဉ်များအား အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ပေးခြင်း။

- ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းခြင်းနှင့် ထိန်းကျောင်းမြှင့်တင်ခြင်း။
- စီးပွားဖြစ်သစ်ထုတ်လုပ်ခြင်း၊ သစ်တောမြေပြောင်းလဲမှု၊ သီးနှံတစ်မျိုးတည်း စိုက်ပျိုးမှု စိုက်ခင်းများနှင့် အခြားလုပ်ငန်းများဖြစ်သည့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်း တို့၏ အဓိကအချက်များအား ပြည့်ပြည့်ဝဝ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ရပ်တန့်ခြင်းတို့အတွက် စိစစ်အကဲဖြတ်ရန်။

**၃။ မူဝါဒနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများအပေါ် ဌာနေတိုင်းရင်းသား လူမျိုးများနှင့် အပြုသဘောဆောင်သော ဆွေးနွေးပွဲများပြုလုပ်ပေးရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား တိုက်တွန်းပေးပါရန် SBSTA အား ကျွန်ုပ်တို့မှ တိုက်တွန်းနိုးဆော်အပ်ပါသည်။ အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာများ ပိတ်ပင်/တားမြစ်ခြင်းနှင့် အခြားတစ်ဘက်တွင်လည်း သစ်တောထိန်းသိမ်းခြင်းနှင့် စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ဌာနေတိုင်းရင်းသား လူမျိုးတို့၏ လူမှုဘဝများ၊ ရပိုင်ခွင့် အခွင့်အရေးများနှင့် ၎င်းတို့၏ ခံစားပိုင်ခွင့်များကိုလည်း ထည့်သွင်းဆွေးနွေးပေးရမည်ဖြစ်သည်။ ၎င်းတို့၏ လူမှုဘဝများ၊ ဆက်လက်ရပ်တည် နေနိုင်ရေးနှင့် သက်ဆိုင်သည့် အလေ့အထများသည် ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများ ထုတ်လုပ်ခြင်းနှင့် တိုးချဲ့လုပ်ဆောင်ခြင်းတို့အတွက် အလွန်ပင်အရေးပါလှသော အချက်တစ်ချက်ဖြစ်ပါသည်။**

**၄။ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ အရပ်ဘက်အခြေပြု စောင့်ကြည့်စနစ်များ၏ အရေးကြီးသော ပါဝင်မှုကဏ္ဍများကို အသိအမှတ်ပြုပေးရန်အတွက် အခြားအဖွဲ့အစည်းများအား တိုက်တွန်းပေးပါရန် ကျွန်ုပ်တို့မှ SBSTA အား တိုက်တွန်းအပ်ပါသည်။ ကာဗွန်နှင့် မဆိုင်သည့် အကျိုးကျေးဇူးများအား (ဥပမာ - ဂေဟစနစ်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်ခ PES) စောင့်ကြည့်ကြပ်မတ်ရာတွင် ဌာနေတိုင်းရင်းသားများကိုယ်တိုင် ပါဝင်လုပ်ဆောင်မှုသည် ယုံကြည်အားထားရပါသည်။ ထို့ကြောင့် သစ်တောစောင့်ကြည့် ကွပ်ကဲသည့်စနစ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အရပ်ဘက်အခြေပြု စောင့်ကြည့်ကွပ်ကဲမှုကို ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ပူးပေါင်းဆောင်ရွက် အကောင်အထည် ဖော်ပြထားသည် နိုင်ငံတော်အစိုးရများအတွက် အရေးကြီးပြီး အကျိုးအမြတ်ရှိသော အချက်ဖြစ်ပါသည်။**

**၅။ ကာဗွန်နှင့်မသက်ဆိုင်သည့် အကျိုးကျေးဇူးများ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များ စနစ် (SIS)နှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာလမ်းညွှန်ကို ပြုလုပ်အကောင်အထည် ဖော်ရာတွင် လူ့အခွင့်အရေးမူဘောင်အား လိုက်နာရန်နှင့် ဌာနေတိုင်းရင်းသားလူမျိုးတို့မှ ပြည့်ဝထိရောက်စွာ ပါဝင်နိုင်ရန်အတွက် အခြားအဖွဲ့များအား တိုက်တွန်းပေးပါရန် ကျွန်ုပ်တို့မှ SBSTA အား တိုက်တွန်းအပ်ပါသည်။ ဤ အချက်နှင့်အညီ၊ ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများနှင့် REDD+၏ ကဏ္ဍများအားလုံးနှင့် သက်ဆိုင်သည့် ဌာနေတိုင်းရင်းသားတို့၏ အစုအဖွဲ့ပိုင်ဘုံအခွင့်အရေးများကို အသိအမှတ်ပြုလေးစားရန်အလို့ငှာ ကာဗွန်နှင့် မသက်ဆိုင်သည့် အကျိုးကျေးဇူးများနှင့် သက်ဆိုင်သည့် အဓိကသော့ချက်များဖြစ်သော လမ်းညွှန်ချက်များကို ဌာနေတိုင်းရင်းသားတို့နှင့် ပူးပေါင်းဖော်ထုတ်ရန်တို့ဖြစ်ပါသည်။**



Promotion Of Indigenous and Nature Together

NO - 1102, U Aung Kyaw Lane,
East Gyogone, Insein Township,
Yangon Myanmar.
Office : 09 - 254 249 494

Website : www.pointmyanmar.org

ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)
အမှတ် (၁၁၀၂)၊ ဦးအောင်ကျော်လမ်း၊
အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄။

အင်တာနက်လိပ်စာ / www.pointmyanmar.org

Promotion Of Indigenous and Nature Together
ပွိုင့် - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

AIPP

IWGIA

Promotion Of Indigenous and Nature Together(POINT), Asia Indigenous Peoples Pact (AIPP) နှင့် International Work Group for Indigenous Affairs (IWGIA) တို့မှ ပူးပေါင်းထုတ်ဝေသည်။

ဤစာတမ်းသည် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးရာ ဝန်ကြီးဌာန (DANIDA) ၏အကူအညီဖြင့် ပုံနှိပ်ထုတ်ဝေသည်။

AIPP: www.aippnet.org
IWGIA: www.iwgia.org

စာသား၊ **Joan Carling and Lakpa Nuri Sherpa**
လေးအောက်၊ **Kedsarin Sinlapapaisan: AIPP Printing Press**
ဓာတ်ပုံ၊ **AIPP Archives, Puah Sze Ning and Vaing Samrith**

ရှင်းလင်းချက်၊ ဤစာတမ်းပါအချက်အလက်များသည် အာရှ ဌာနေလူမျိုးများ သဘောတူညီချက်အဖွဲ့ (AIPP) နှင့် ဌာနေတိုင်းရင်းသားများရေးရာ နိုင်ငံတကာ လုပ်ငန်းအဖွဲ့တို့ (IWGIA) ၏ တာဝန်နှင့် ခံယူချက်သာဖြစ်ပြီး၊ အထက်ဖော်ပြပါ ထောက်ပံ့အဖွဲ့အစည်း၏ ရပ်တည်ချက်ကို မည်သည့် အခြေအနေမျိုးတွင်မဆို ထင်ဟပ်ခြင်းမရှိပါ။

The printing press has been established with support from the European Union's European Instrument for Democracy and Human Rights
European Union

AIPP ပုံနှိပ်စက်ဖြင့် ထိုင်းနိုင်ငံ ဇင်းမယ်မြို့တွင် ပုံနှိပ်ထုတ်ဝေသည်။